## Highlights from DVB Debate's Causes of the Conflicts Show in Kachin State

## 16 September 2017

## "What's behind the Kachin Conflicts?"

"စစ်ပွဲကြီး တိုက်မယ်ဆိုရင် နေပြည်တော်ကလာတဲ့ ညွှန်ကြားချက်တွေဖြစ်လို့ ပြည်နယ်က မဟန့်တားနိုင်ပါဘူး"

ဒေါ် မရမ်ဂျာဆိုင်းခေါန် - အင်ဂျင်းယန်မြို့နယ် မဲဆန္ဒနယ် (၂)၊ ပြည်နယ်လွှတ်တော်အမတ်

---

"ကချင်စစ်ပွဲကြောင့်ပဲ အန်စီအေ ပေါ်ပေါက်လာတယ်လို့ပဲ ပြောရမယ်။ အရင်တုန်းက နှုတ်ကတိတွေနဲ့ပဲ လုပ်ခဲ့တယ်။ စာချုပ်မှာ ဘာတွေပါလဲ.. ဘာတွေသဘောတူထားလဲ.. ဘယ်သူမှ မသိဘူး။ အဲဒီ အခြေအနေ ကနေ အန်စီအေလို စာချုပ်ကတော့ ခိုင်ခိုင်မာမာ ချုပ်ဆိုထားတယ်။

ခွန်မြင့်ထွန်း - အတွင်းရေးမှူးအဖွဲ့ဝင်၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ

---

"ကချင်စစ်ပွဲနောက်ကွယ် အကြောင်းရင်းက ပြည်တွင်းစစ်ဖြစ်တယ် ကချင်စစ်ပွဲဟာ ပြည်တွင်းစစ်ရဲ့ တစိတ်တပိုင်းဖြစ်တယ်။"

ဒေါက်တာ မနမ် တူးဂျာ - ဥက္ကဋ္ဌ၊ ကချင်ပြည်နယ် ဒီမိုကရေစီ ပါတီ

---

"စစ်ပွဲ ကြာရှည်မှုတွေကြောင့် ပြည်သူတွေ ကြားမှာတောင် ဂျိန်းဖော့-လီဆူကြား ပဋိပက္ခဖြစ်တယ် ကချင်နဲ့ရှမ်းနီကြား ပဋိပက္ခတွေဖြစ်တယ်။ ဒါတွေဟာ ပြည်တွင်းစစ် ကြာရှည်မှုတွေကြောင့်။"

ဒေါ်နန်ပု - ဒါရိုက်တာ၊ ထွဲဂျဲန်ဒါအဖွဲ့

---

"၉၄ အပစ်ရပ်ပြီးနောက်မှာ ဖွံ့ဖြိုးရေးတွေ အကြီးအကျယ်လုပ်ခဲ့တယ်။ အကျိုးစီးပွားတွေ ပါလာတဲ့ အခါကျတော့ စစ်ပွဲကို ပိုပြီးတောင် ကြီးကျယ်သွားစေခဲ့တယ်။ ဒါကြောင့် ကေအိုင်အိုကို ၉၄ တုန်းကလို မျိုးတော့ မထိုးခဲ့ပါနဲ့ဆိုပြီး ပြည်သူတွေက အတန်တန်မှာကြားနေပါတယ်။"

ဒေါ် မရမ်ဂျာဆိုင်းခေါန် - အင်ဂျင်းယန်မြို့နယ် မဲဆန္ဒနယ် (၂)၊ ပြည်နယ်လွှတ်တော်အမတ်

---

"ကိုယ်ကျိုးကြောင့် ငြိမ်းချမ်းရေးမရတာက တစိတ်တပိုင်းတော့ မှန်တယ်၊ အဓိကတော့ မကျဘူး။"

ဒေါက်တာ မနမ် တူးဂျာ - ဥက္ကဋ္ဌ၊ ကချင်ပြည်နယ် ဒီမိုကရေစီ ပါတီ

---

"တဖက်မှာလည်း ဖွံ့ဖြိုးရေးတွေ စီးပွားရေးတွေ ပေးပါလျက်နဲ့ ဘာကြောင့် ပြန်တိုက်လဲပေါ့။ တဖက်က ကချင်အဖွဲ့တွေ အနေနဲ့လည်း ညောင်နစ်ပင်ညီလာခံတို့ ဘာတို့ တက်ခဲ့တယ်။ တချို့ဆို ၂၀၀၈ ကို ထောက်ခံခဲ့တယ်။ ဘာလို့လဲဆို နိုင်ငံရေးဆွေးနွေးချင်လို့။ ဒါပေမယ့် တကယ်ကျတော့ နိုင်ငံရေး ဆွေးနွေးမှု မရခဲ့တော့ ပြန်တိုက်ကြတယ်။"

ခွန်မြင့်ထွန်း - အတွင်းရေးမှူးအဖွဲ့ဝင်၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ

---

"တပ်မတော်က အစိုးရ လက်အောက်မှာ မရှိလို့ တိုက်ပွဲဖြစ်တယ် ဒါအကုန်သိတယ်။"

ဦးတင်ထွန်းသိန်း - တရားလွှတ်တော်ရှေ့နေ(မြစ်ကြီးနား)

---